## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ

## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီဥပဒေ

| စဉ် | ပုဒ်မ | ပြဋ္ဌာန်းချက်များ | မှတ်ချက် | ဝန်ဆောင်မှု နည်းလမ်း |
|---|---|---|---|---|
| ၁ | ၂၃ | မှတ်ပုံတင်လက်မှတ်ရရှိလိုသော အောက်ပါဘွဲ့တစ်ခုခု သို့မဟုတ် ပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရ ကောင်စီကအသိအမှတ်ပြုသော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့ရရှိသည့် နိုင်ငံသားတစ်ဦး သည် သတ်မှတ်ထားသည့်အလုပ်သင်ကာလပြီးဆုံးပါက သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါအလုပ်အမှုဆောင် အဖွဲ့သို့ စိစစ်ရန်လွှဲပြောင်းပေး ရမည်-<br>(က) ပြည်တွင်းသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့်သွားနှင့်ခံတွင်း ဆိုင်ရာ ဆေးပညာဘွဲ့၊<br>(ခ) ပြည်ပသွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ် တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့ အစည်းတစ်ခုခုကဖြစ်စေ အပ်နှင်းပြီး ကောင်စီကလည်း စိစစ်အသိအမှတ်ပြု ထားသည့်သွား နှင့်ခံတွင်းဆိုင်ရာ ဆေးပညာဘွဲ့။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၂ | ၂၅ | ကောင်စီသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက် တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ပြုရမည်-<br>(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာနှင့် သက်ဆိုင်သည့်အပြင် သွားနှင့် ခံတွင်းဆိုင်ရာ ဆရာဝန်အဖြစ်လည်း ဆက်လက်ထမ်းဆောင်ရန်မသင့်ဟု ကောင်စီက သတ်မှတ်ထား သည့်ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ပြစ်မှုထင်ရှား စီရင်ခြင်းကို ခံရခြင်း၊<br>(ခ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ကျင့်ဝတ်သိက္ခာ ပျက်ယွင်း၍ သွားနှင့်ခံတွင်း ဆိုင်ရာ ဆရာဝန်အဖြစ်ဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊<br>(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာတာဝန်ကို | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |

| | | | | |
|---|---|---|---|---|
| | | ထမ်းဆောင်ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း။ | | |
| ၃ | ၂၆ | အသိအမှတ်ပြုလက်မှတ် ရရှိလိုသော အောက်ပါဘွဲ့၊ ဒီပလိုမာ သို့မဟုတ် လက်မှတ်တစ်ခုခု ရရှိသည့် နိုင်ငံသားတစ်ဦးသည် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားနိုင်သည်။ ကောင်စီသည် ဤလျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန်လွှဲပြောင်းပေးရမည်-<br>(က) ပြည်တွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တစ်ခုခုက အပ်နှင်းသည့်ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ်၊<br>(ခ) ပြည်ပ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် သို့မဟုတ် သွားဘက်ဆိုင်ရာ ဆေးကောလိပ်တစ်ခုခုကဖြစ်စေ၊ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအတွက် ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အပ်နှင်းပြီး ကောင်စီကလည်းစိစစ်အသိအမှတ်ပြုထား သည့်ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်း လက်မှတ်၊<br>(ဂ) ကောင်စီက ဖွင့်လှစ်သည့် အသိအမှတ်ပြုလက်မှတ်ဆိုင်ရာ သင်တန်းဆင်းလက်မှတ်၊ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၄ | ၂၈ | ကောင်စီသည် သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူ တစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက အသိအမှတ်ပြုလက်မှတ် ကို ပယ်ဖျက်ရမည်-<br>(က) သက်ဆိုင်ရာကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သည့်အပြင် သွားဘက်ဆိုင်ရာသူနာပြု၊ သွားနှင့် ခံတွင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် မသင့်ဟုကောင်စီက သတ်မှတ် ထားသော ပြစ်မှုတစ်ရပ် ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခံ ရခြင်း၊<br>(ခ) သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာ အထောက်အကူပြုသူတစ်ဦး၏ ကျင့်ဝတ် သိက္ခာ ပျက်ယွင်း၍ လုပ်ငန်း များဆက်လက်ထမ်းဆောင်ရန် မသင့်လျော်ခြင်း၊<br>(ဂ) သွားဘက်ဆိုင်ရာ သူနာပြု၊ သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်သူ၊ သွားတုပညာကျွမ်းကျင်သူ၊ သွားဘက်ဆိုင်ရာအထောက်အကူပြုသူတစ်ဦး၏ ကုသမှုဆိုင်ရာတာဝန် | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |

| | | | | |
|---|---|---|---|---|
| | | ကိုထမ်းဆောင် ရာတွင် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုလုပ်ခြင်း။ | | |
| ၅ | ၂၉ (က) | (က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးသည် သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုပါက အထွေထွေဆေးကုသခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။ ကောင်စီ သည် လျှောက်ထားချက်ကိုရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့စိစစ်ရန် လွှဲပြောင်း ပေးရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၆ | ၃၁ | (က) သွားနှင့်ခံတွင်းဆိုင်ရာဘွဲ့ရရှိထားသောနိုင်ငံခြားသားဆရာဝန်တစ်ဦးဦးသည် မြန်မာနိုင်ငံ တွင်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့်ဆေးကုသသည့်လုပ်ငန်းကို လုပ်ကိုင် ဆောင်ရွက်လိုပါက ကန့်သတ်ဆေးကုသခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကောင်စီသို့လျှောက်ထားရမည်။ ကောင်စီသည် လျှောက်ထားချက်ကို ရရှိသည့်အခါ အလုပ်အမှုဆောင်အဖွဲ့သို့ စိစစ်ရန် လွှဲပြောင်း ပေးရမည်။ | နိုင်ငံသားကဲ့သို့ အခွင့်အရေး (နိုင်ငံခြားသား သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအတွက်) | နည်းလမ်း ၃ နှင့် ၄ |
| ၇ | ၃၁ | (ခ) အလုပ်အမှုဆောင်အဖွဲ့သည် ပုဒ်မခွဲ (က) အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်ပြီးလိုင်စင်ကြေးနှင့် အခြားသတ်မှတ်ထားသောကြေးများ ပေးသွင်းစေ၍ ကုသခွင့်ရှိ သော သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာနှင့် ဘာသာရပ်အမျိုးအစား၊ ကုသခွင့်ရှိသော နေရာဒေသနှင့် အချိန်ကာလများကို ကန့်သတ်လျက် ကန့်သတ်ဆေးကုသခွင့်လိုင်စင် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ | နိုင်ငံသားကဲ့သို့ အခွင့်အရေး (နိုင်ငံခြားသား သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်များအတွက်) | နည်းလမ်း ၃ နှင့် ၄ |
| ၈ | ၃၄ | ကောင်စီသည် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦးဦးနှင့် ပတ်သက်၍ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိပါက ဆေးကုသ ခွင့်လိုင်စင်ကို ပယ်ဖျက်ခြင်း သို့မဟုတ် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းပြုနိုင်သည်-<br>(က) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခံရခြင်း၊<br>(ခ) ဥပဒေအရ သတ်မှတ်ထားသော ဆေးအဖွဲ့၏ စစ်ဆေးချက်အရ ဆေးကုသမှု လုပ်ငန်း တာဝန်ကို ဆက်လက်ထမ်းဆောင်နိုင်စွမ်း မရှိခြင်း၊<br>(ဂ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကုသမှုဆိုင်ရာ တာဝန်ဝတ္တရားများကို အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုလုပ်ခြင်း၊<br>(ဃ) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ ကျင့်ဝတ်သိက္ခာ ပျက်ပြားခြင်း၊<br>(င) သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တစ်ဦး၏ အရည်အသွေးနှင့်အညီ ဆောင်ရွက်နိုင်စွမ်း မရှိခြင်း၊ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |

| | | | | |
|---|---|---|---|---|
| | | (စ) ကောင်စီက သတ်မှတ်ထားသော ကာလအတွင်း လုံလောက်သောအကြောင်းပြချက် မရှိဘဲ ဆေးကုသခွင့်လိုင်စင် သက်တမ်းတိုးမြှင့်ရန် ပျက်ကွက်ခြင်း။ | | |
| ၉ | ၃၅ (က) (ခ) | သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်နှင့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်တို့သည်–<br>(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။<br>(ခ) ကောင်စီက သတ်မှတ်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်၏ ကျင့်ဝတ်သိက္ခာများကို လိုက်နာစောင့်ထိန်းရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၀ | ၃၉ | မည်သူမျှ ဆေးကုသခွင့်လိုင်စင်မရှိဘဲ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာဖြင့် ဆေးကုသခြင်း မပြုရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၁ | ၄၀ | မည်သည့် ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ ဆေးကုသသည့်လုပ်ငန်း ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ဆေးကုသသည့်လုပ်ငန်းအလိုက် ကျွမ်းကျင်မှုရှိကြောင်း သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ကောင်စီကထုတ်ပေးသည့် လိုင်စင်၊ မှတ်ပုံတင်လက်မှတ်၊ အသိအမှတ်ပြု လက်မှတ်၊ ခွင့်ပြုချက်၊ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အထောက်အထား ရရှိသူမှအပ အခြားသူကို တာဝန်ပေးဆောင်ရွက်စေခြင်းမပြုရ။<br>ခြွင်းချက်။ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) နှင့် (ခ) ပါ ဘွဲ့၊ ဒီပလိုမာ သို့မဟုတ် သင်တန်းဆင်းလက်မှတ် ရရှိသူမှအပ အခြားသူတစ်ဦးဦးကို တာဝန်ပေးအပ်ဆောင်ရွက်သည့်ကိစ္စဖြစ်ပါက ကောင်စီက ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ သုံးနှစ်အတွင်း လိုအပ်သောသင်တန်းများကို ဖွင့်လှစ်ပို့ချပြီး အသိ အမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ခြင်း မရှိသေးလျှင် ဤပြဋ္ဌာန်းချက်နှင့် အကျုံးဝင် သက်ဆိုင်ခြင်းမရှိစေရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၂ | ၄၁ | မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မိမိရရှိသော ဘွဲ့၊ အဆင့်၊ ကျွမ်းကျင်မှုဆိုင်ရာ ပညာတို့နှင့် မလျော်ညီသော အခေါ်အဝေါ်၊ စကားရပ်များကို မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်း မပြုရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၃ | ၄၂ | မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မျှ မှတ်ပုံတင်လက်မှတ်ရရှိပြီးမှ ချီးမြှင့်ခြင်းခံရသော | ပြည်တွင်း စည်းမျဉ်း | နည်းလမ်း ၃ |

| | | | | |
|---|---|---|---|---|
| | | ဒီပလိုမာ၊ ဘွဲ့ စသည့် ထပ်ဆင့်သွားနှင့်ခံတွင်းဆိုင်ရာ ဆေးပညာအရည်အချင်းကို သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်စာရင်းတွင် ဖြည့်စွက်ပြီးကြောင်း ကောင်စီ၏ အတည်ပြုချက်မရရှိဘဲ မိမိအမည်နှင့် ယှဉ်တွဲဖော်ပြခြင်းမပြုရ။ | စည်းကမ်း | နှင့် ၄ |
| ၁၄ | ၄၃ | မည်သူမဆို ပုဒ်မ ၃၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၅ | ၄၄ | မည်သည့်ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မဆို ပုဒ်မ ၄၀ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ် ငါးသိန်းမှ အများဆုံး ကျပ် ၁၀ သိန်းထိ ငွေဒဏ်ချမှတ်ရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၆ | ၄၅ | မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ် ငါးသိန်းချမှတ်ရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၇ | ၄၆ | မည်သည့် သွားနှင့်ခံတွင်းဆိုင်ရာဆရာဝန်မဆို ပုဒ်မ ၄၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ကျပ် သုံးသိန်းချမှတ်ရမည်။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |
| ၁၈ | ၄၇ | ဆေးကုသခွင့်လိုင်စင်ရ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်ကိုယ်တိုင် လက်မှတ်ရေးထိုးခြင်း မရှိသော ဆေးလက်မှတ်သည် တရားဝင်ဖြစ်သည်ဟု မမှတ်ယူရ။ | ပြည်တွင်း စည်းမျဉ်း စည်းကမ်း | နည်းလမ်း ၃ နှင့် ၄ |

| မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်<br>အမိန့်ကြော်ငြာစာအမှတ် ၁၅ /၂၀၁၇ နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များ | | | | |
|---|---|---|---|---|
| (ဃ) သက်ဆိုင်ရာဝန်ကြီးဌာနများ၏ အတည်ပြုချက်ဖြင့်ဆောင်ရွက်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ<br>(၉)– ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ အတည်ပြုချက်ရယူ ဆောင်ရွက်ရမည့် လုပ်ငန်းများ | | | | |
| စဉ် | အမှတ် | ပြဋ္ဌာန်းချက်များ | မှတ်ချက် | ဝန်ဆောင်မှု နည်းလမ်း |
| ၁ | ၁ | ပုဂ္ဂလိကဆေးရုံလုပ်ငန်း | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |
| ၂ | ၃ | ပုဂ္ဂလိကနယ်လှည့်ကျန်းမာရေး လုပ်ငန်း | ဈေးကွက်ဝင်ရောက်မှု | နည်းလမ်း ၃ |